မူကြမ်း ၅.၁၁.၂၀၂၀
၂၀၂၀ခုနှစ် DeKalb ကျောင်းတွင်း Black Lives Matter လှုပ်ရှားမှုသီတင်းပတ်

**သတင်း ထုတ်ပြန်ချက်**

နိုဝင်ဘာလ ၉ရက်မှ ၁၃ရက်အထိ  တစ်ပတ်တာသည် DeKalb ခရိုင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ (DCSD) တွင် "၂၀၂၀ခုနှစ် DeKalb ကျောင်းတွင်း Black Lives Matter လှုပ်ရှားမှုသီတင်းပတ်" ဖြစ်ပါသည်။ တစ်ပတ်ကြာမြင့်သော ဤပွဲအခမ်းအနားတွင် အာဖရိကန်-အမေရိကန် လူမျိုးများကို အဓိကသင်ကြားပေးခဲ့ကြသော ကောလိပ်များနှင့် တက္ကသိုလ်များ (HBCUs) ကို လူမှုကွန်ရက်မှတစ်ဆင့် ဂုဏ်ပြုဆင်နွှဲမှုတစ်ရပ်၊ DeKalb ခရိုင်တွင်း လူမည်းပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများအား ဂုဏ်ပြုဆင်နွှဲမှုတစ်ရပ်၊ My Brother's Keeper အစီအစဉ် အဖွင့်၊ "My Black is Beautiful အနိုင်ကျင့်မှုအပေါ် တညီတညွတ်တည်းတွန်းလှန်ရေး" နေ့နှင့် ကျောင်းသားများ ဦးဆောင်ဆွေးနွေးသော စကားဝိုင်းဆွေးနွေးပွဲတစ်ပွဲတို့ အပါအဝင် Black Lives Matter ကျောင်းအခြေပြု ပညာပေးလှုပ်ရှားမှုများကို နေ့စဉ်စီစဉ်ကျင်းပသွားပါမည်။

ပညာရေးဘုတ်အဖွဲ့သည် ၂၀၂၀ခုနှစ် DeKalb ကျောင်းတွင်း လှုပ်ရှားမှုသီတင်းပတ်တွင် Black Lives Matter လှုပ်ရှားမှုကို ပြုလုပ်ရန် ၂၀၂၀ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ထိုသီတင်းပတ်၏ ရည်မှန်းချက်မှာ လူမျိုးရေးတရားမျှတမှုဆိုင်ရာ ကိစ္စရပ်များတွင် အသက်အရွယ်မရွေး လူတိုင်း ပါဝင်ဆောင်ရွက်လာစေရန်အတွက် ကျောင်းလူမှုအသိုင်းအဝိုင်းများအတွင်း အရေးပါသော သုံးသပ်ဆင်ခြင်မှုနှင့် ရိုးသားပွင့်လင်းသော ပြောဆိုဆွေးနွေးမှုများ ပြုလုပ်နေသည့် ဆောင်ရွက်ဆဲလှုပ်ရှားမှုနှင့် ပတ်သက်၍ လှုံ့ဆော်အားပေးရန် ဖြစ်ပါသည်။

"DeKalb ခရိုင် ကျောင်းအုပ်ချုပ်မှုအဖွဲ့ဟာ မတူကွဲပြားမှုတွေနဲ့ ဖွဲ့စည်းထားတဲ့ ကျောင်းအုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အဲဒီ နှစ်လိုဖွယ်ကောင်းတဲ့ မတူကွဲပြားမှုကို ဖြစ်နိုင်သမျှနည်းလမ်းတိုင်းနဲ့ ကျွန်မတို့ ဂုဏ်ပြုဆင်နွှဲကြပါတယ်" ဟု ကျောင်းကြီးကြပ်ရေးမှူး Cheryl Watson-Harris က ဆိုပါသည်။ " ၂၀၂၀ခုနှစ် DeKalb ကျောင်းတွင်း Black Lives Matter လှုပ်ရှားမှုသီတင်းပတ်ဟာ ကျွန်မတို့ရဲ့လူမှုအသိုင်းအဝိုင်းတွေထဲမှာ ကျွန်မတို့ ကျောင်းသူကျောင်းသားတွေရဲ့အပြုသဘောဆောင်တဲ့ ပုံရိပ်တွေကို အသိအမှတ်ပြုရင်း လူမှုအသိုင်းအဝိုင်းအတွင်းက လူမျိုးရေးနဲ့ လူမှုရေးဆိုင်ရာ မမျှတမှုတွေကို ထုတ်ဖော်တင်ပြဖို့ ကျွန်မတို့ရဲ့ပညာရှင်တွေနဲ့ ဝန်ထမ်းတွေကို အခွင့်အရေးတစ်ရပ် ပေးစွမ်းနိုင်ပါတယ်။"

Black Lives Matter သည် အသက် ၁၇နှစ်အရွယ် Trayvon Martin ကို Sanford၊ Fla တွင် အနီးဝန်းကျင်၌နေထိုင်သည့် ကြီးကြပ်ရေးမှူးတစ်ဦးက သေနတ်ဖြင့် ပစ်သတ်ခဲ့မှုအား တုံ့ပြန်သည့်အနေဖြင့် လူမှုကွန်ရက်ပေါ်ရှိ ဟက်ရှ်သင်္ကေတတစ်ခုအဖြစ် ၂၀၁၃ခုနှစ်အတွင်း စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုလူမှုကွန်ရက်မှ လှုပ်ရှားမှုသည် ကမ္ဘာတစ်ဝှမ်းမှ လူမည်းများအတွက် လွတ်လပ်မှုနှင့် တရားမျှတမှုကို တည်ဆောက်ရန်၊ ခံစားရခဲ့ရသည်များကို ဖြေဖျောက်ပေးရန်အတွက် ရည်မှန်းချက်ထားသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် အသွင်ကူးပြောင်းခဲ့သည်။

DeKalb ခရိုင် ပညာရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ Mr. Marshall Orson က "DeKalb ခရိုင် ကျောင်းအုပ်ချုပ်မှုအဖွဲ့ရဲ့ ကျောင်းတွင်း Black Lives Matter လှုပ်ရှားမှုသီတင်းပတ်ဟာ အုပ်ချုပ်မှုအဖွဲ့ရဲ့ လူဖြူမဟုတ်တဲ့ ကျောင်းသားတွေ၊ ဝန်ထမ်းတွေနဲ့ လူမှုအသိုင်းအဝိုင်းတွေအတွက် အားစိုက်ကြိုးပမ်းမှုအပေါ် သက်သေပြချက်တစ်ရပ် ဖြစ်ပါတယ်။ အဲဒီလူမှုအသိုင်းအဝိုင်းတွေရဲ့အရေးပါတဲ့ အကျိုးပြုစွမ်းဆောင်မှုတွေနဲ့ သူတို့ကြုံတွေ့နေရဆဲဖြစ်တဲ့ စိန်ခေါ်မှုတွေအပေါ် အလေးထားအာရုံစိုက်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ DCSD မှာ ပါဝင်တဲ့ သို့မဟုတ် ထိတွေ့မှုရှိတဲ့ လူအားလုံးရဲ့ဘဝတွေကို တိုးတက်မြင့်မားစေမှာ ဖြစ်ပါတယ်" ဟု ဆိုပါသည်။

"ဒီနေ့ခေတ် လူ့အဖွဲ့အစည်းအတွင်းက Black Lives Matter လှုပ်ရှားမှုဟာ သမိုင်းကြောင်းတစ်လျှောက်လုံး ကျွန်တော်တို့ရဲ့ဘိုးဘေးဘီဘင်တွေ ဘာကို ကြိုးပမ်းရုန်းကန်ခဲ့ကြသလဲ ဆိုတာကို မြင်သာစေတဲ့ သရုပ်ဖော်ပြသမှုတစ်ရပ်

ဖြစ်ပါတယ်” ဟု ကျောင်းဘုတ်အဖွဲ့ဝင် Diijon DaCosta က ဆိုပါသည်။ “ကျွန်တော်တို့ရဲ့ဘိုးဘေးဘီဘင်တွေဟာ တရားမျှတမှု၊ လွတ်လပ်မှု၊ သာတူညီမျှမှုနဲ့ အပြောင်းအလဲတို့အတွက် ကြိုးပမ်းရုန်းကန်ခဲ့ကြပြီး ဒါဟာ အသက်မပြည့်သေးသူတွေနဲ့ လူဖြူမဟုတ်သူတွေကို အကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပါဝင်လှုပ်ရှားခြင်း၊ နားစွင့်ထားခြင်းနဲ့ ကျွန်တော်တို့ရဲ့စကားသံတွေကို လူအများကြားသိခွင့်ရအောင် ရွေးချယ်မှုပြုခြင်းအားဖြင့် သူတို့ထားရစ်ခဲ့တဲ့ အမွေအနှစ်ကို လက်ဆင့်ကမ်းပြီး တည်ဆောက်ရပါမယ်။ အခုလက်ရှိဟာ ဇာတ်လမ်းဇာတ်ကြောင်းကို ဆင့်ကဲတိုးတက်ပြောင်းလဲမှု၊ မတူကွဲပြားမှုနဲ့ အားလုံးအကျုံးဝင်မှုတို့ဆီ လမ်းကြောင်းပြောင်းလဲရမယ့် အချိန်ပါ။ ခွဲခြားမှုတွေကို ဖြစ်ပေါ်စေတဲ့ အတိတ်က ဆိုးရွားတဲ့အပြုအမူတွေကို ဆက်ခံဖို့ ကျွန်တော်တို့ ကိုယ့်ကိုကိုယ်ခွင့်ပြုလို့မရပါဘူး။ ပြောင်းလဲမှုဟာ ကျွန်တော်တို့ကနေပဲ စပါတယ်။”

"၂၀၂၀ခုနှစ် DeKalb ကျောင်းတွင်း Black Lives Matter လှုပ်ရှားမှုသီတင်းပတ်" အကြောင်း နောက်ထပ်အချက်အလက်များအတွက် https://www.dekalbschoolsga.org/featured-news/black-lives-matter-at-dekalb-schools/ ကို ဝင်ရောက်ကြည့်ရှုပါ။

ရိုက်ကူးထုတ်လွှင့်ရန်အတွက် မီဒီယာများ၏ တောင်းဆိုမှုများကို communications@dekalbschoolsga.org သို့ ပေးပို့သင့်ပါသည်။